MINISTRY OF HUMAN RIGHTS

အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# Human Rights in Myanmar

အတွဲ ၁၊ အမှတ် ၁၃

၁၇ ဇွန် ၂၀၂၂

## ချက် နိုင်ငံခြားရေးဝန်ကြီးက မြန်မာပြည်သူများနှင့်အတူ ရပ်တည်ကြောင်း ထုတ်ဖော် ပြောဆို



ချက်သမ္မတနိုင်ငံအနေဖြင့် မြန်မာ့အရေးကို အလေးအနက်ထား ဦးစားပေးကြောင်းနှင့် မြန်မာပြည်သူများနှင့်အတူ ရပ်တည်လျက်ရှိကြောင်း ချက်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Jiri Kozak နှင့် အမျိုးသားညီညွတ်ရေးအစိုးရ – NUG လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအောင်မျိုးမင်းနှင့် ဇွန်လ ၉ ရက်က တွေ့ဆုံစဉ် ထုတ်ဖော်ပြောဆိုလိုက်သည်။

တွေ့ဆုံမှုကို ချက်နိုင်ငံခြားရေးဝန်ကြီးဌာနရုံး Cernin Palace တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကာ ချက်သမ္မတနိုင်ငံဆိုင်ရာ NUG ကိုယ်စားလှယ် ဦးလင်းသန့်လည်း ပါဝင်တက်ရောက်ခဲ့သည်။

## ဩစတြေးလျ နွေဦးရန်ပုံငွေနှင့် ဘွန်းရောင်းပွဲသို့ MOHR ဒုဝန်ကြီး တက်ရောက်

ဩစတြေးလျနိုင်ငံတွင် အမျိုးသားညီညွတ်ရေးအစိုးရ – NUG ကိုယ်စားလှယ်ရုံး ဖွင့်နိုင်ရေးအတွက် CPRH – OFP Fundraising Program က ပြုလုပ်သည့် ရန်ပုံငွေရှာပွဲနှင့် ငွေတိုက်လက်မှတ် - Bond ရောင်းပွဲအား မေလ ၂၉ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ ပွဲကို ဩစတြေးလျနိုင်ငံ၊ ဗစ်တိုးရီးယား မဲလ်ဘုန်းတွင် ပြုလုပ်ခြင်းဖြစ်ကာ NUG လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗဟန်းထန်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အထူးကိုယ်စားလှယ် ဦးထွန်းအောင်ရွှေတို့ တက်ရောက်ခဲ့သည်။



"၁၊ ၂၊ ၃၊ ၁၀ ဆိုပြီး တန်းပစ်တော့တာ ... ၂ ယောက် ကျတယ်၊ ဒဏ်ရာရတဲ့သူတွေလည်း ရှိတယ်" စာ - ၃ ››




## လူ့အခွင့်အရေးချိုးဖောက်ခံရမှုအတွက် တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ MOHR ကို သတင်းပို့ပါ

မိဘပြည်သူများခင်ဗျာ...
မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည် ဖြစ်စေ၊ ကိုယ့်ပတ် ဝန်းကျင်မှာ လူ့အခွင့်အရေးချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေး ဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့ က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေနဲ့ ပေးပို့တိုင်ကြားရာ မှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုးကျူးလွန်ခဲ့ပါသလဲ?

  စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှု ရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ်ပေးပို့ တိုင်ကြားနိုင်ပါတယ်။

## အာဏာသိမ်းစစ်ကောင်စီအား စစ်ရာဇဝတ်မှုဖြင့် စွဲချက်တင်နိုင်ရန် တူရကီတွင် စတင်စုံစမ်းစစ်ဆေး

အာဏာသိမ်း အကြမ်းဖက်စစ်ကောင်စီက ပြည်သူများအပေါ် ကျူးလွန်နေသည့် ရာဇဝတ်မှုများအတွက် အရေးယူနိုင်ရန် အလို့ငှာ ဇွန်လ ၁ ရက်မှ စ၍ တူရကီနိုင်ငံ၌ စတင်စုံစမ်းစစ်ဆေး မှုများ ပြုလုပ်နေပြီ ဖြစ်သည်။
အာဏာသိမ်းသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ စစ်ကောင်စီက ပြည်သူများအပေါ် ကျူးလွန်သည့် နှိပ်စပက်ညှဉ်းပမ်းမှု - Torture နှင့် လူသားမျိုးနွယ်တစ်ခုလုံးအပေါ် ကျူးလွန်သည့် ရာဇဝတ်မှု - Crime Against Humanity နှင့် ပတ်သက်၍ မြန်မာနိုင်ငံ တာဝန်ခံမှု စီမံချက် - Myanmar Accountability Project (MAP) အဖွဲ့က စွဲချက်တင်နိုင်ရန် ကြိုးပမ်းခဲ့ခြင်း ဖြစ်သည်။
MAP က ကျူးလွန်သူများ အမည်များကို တရားရုံးသို့ ပေးပို့မည်ဖြစ်ကာ ဖမ်းဆီးနိုင်ရန်အတွက်လည်း နိုင်ငံတကာရဲတပ်ဖွဲ့သို့ တောင်းဆိုထားသည်။

စစ်ကောင်စီက “ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သော လူမျိုးသုဉ်း သတ်ဖြတ်မှု” အတွက် အာဂျင်တီးနားနိုင်ငံ တရားရုံးတွင်လည်း အမှုဖွင့်ထားကာ ၎င်းတို့ ကျူးလွန်ထားသည့် ရာဇဝတ်မှုများအတွက် တရားစွဲဆိုအရေးယူနိုင် ရန် လုပ်ဆောင်နေသည့် နိုင်ငံတကာ တရားရုံးနှစ်ရုံး ရှိသွားပြီ ဖြစ်သည်။

MAP အဖွဲ့က ပြင်သစ်၊ ဩစတြေးလျနှင့် အရှေ့အာရှဒေသတွင်းနိုင်ငံအချို့ရှိ တရားရုံးများတွင်လည်း စစ်ကောင်စီ အား စွဲချက်တင်နိုင်ရန်အတါက် ယခုနှစ်ကုန်ပိုင်းတွင် သက်သေခံအချက်လက်များ တင်သွင်းသွားရန် ရှိသည်။ ယခုကဲ့သို့ လုပ်ဆောင်နိုင်ခြင်းမှာ အချို့သော နိုင်ငံများတွင် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မိမိနိုင်ငံအတွင်း မဟုတ်သော်လည်း နိုင်ငံတကာတွင် ဖြစ်ပွားနေသည့် ရာဇဝတ်မှုများအတွက် ကျူးလွန်ခံရသူများက ၎င်းတို့နိုင်ငံ၏ တရားဥပဒေရ အမှုဖွင့် တိုင်ကြားမှုအား လက်ခံ၊ စုံစမ်း၊ စစ်ဆေး၊ ကြားနာ၊ စီရင်ခွင့် - Universal Jurisdiction ကို ခွင့်ပြုထားသည်။

## အကြမ်းဖက်စစ်ကောင်စီ အများဆုံးကျူးလွန်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုပုံစံ သုံးမျိုး

**(၂၀၂၂ ခုနှစ် ဇွန်လ ၁ ရက်မှ ၁၅ ရက်အတွင်းကာလ)**

### (၁) ပြည်သူပိုင်ပစ္စည်းများ ဖျက်စီးခံရမှုများ

ပြည်သူပိုင်ပစ္စည်းများ ဖျက်စီးခံရမှုမှာ ၁၅ ရက်အတွင်း ၆၃ ကြိမ်အထိ ရှိခဲ့သည်။ နေအိမ်ပေါင်းများစွာ မီးရှို့ဖျက်ဆီးခံရကာ ပြည်သူ ၃၀,၀၀၀ ကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရသည်။ ဖျက်ဆီးခံရမှုအများဆုံးမှာ စစ်ကိုင်းတိုင်းတွင်း၌ ဖြစ်ကာ အနည်းဆုံး ၃၂ ကြိမ်ရှိပြီး မကွေးတိုင်းမှာ ဒုတိယအများဆုံးနှင့် အနည်းဆုံး ၁၂ ကြိမ်အထိ ရှိခဲ့သည်။

### (၂) ဥပဒေမဲ့ သတ်ဖြတ်မှုများ

ဇွန်လ ပထမ ရက်သတ္တ နှစ်ပတ်အတွင်း ဥပဒေမဲ့ သတ်ဖြတ်မှုပေါင်း အနည်းဆုံး ၄၈ ကြိမ်အထိ ရှိခဲ့ပြီး စစ်ကိုင်းတိုင်းတွင် အနည်းဆုံး ၂၂ ကြိမ် ဖြစ်ပွားခဲ့သည်။ ဥပဒေမဲ့ သတ်ဖြတ်မှုကြောင့် အနည်းဆုံး ပြည်သူ ၁၀၇ ဦး သေဆုံးခဲ့ပြီး သေဆုံးသူများ၌ အသက် (၉) နှစ်အရွယ် ကလေးငယ်မှ အသက် (၇၉) နှစ်အရွယ် သက်ကြီးရွယ်အိုများအထိ ပါဝင်သည်။

### (၃) တရားလက်လွတ်ဖမ်းဆီးမှုများ

တရားလက်လွှတ် ဖမ်းဆီးမှုများမှာ အနည်းဆုံး ၂၈ မှု ရှိခဲ့ပြီး မကွေးတိုင်းတစ်ခုတည်းတွင် ခုနစ်ကြိမ် ဖြစ်ပွားခဲ့သည်။ ဖမ်းဆီးမှုများအတွင်း အနည်းဆုံး ပြည်သူ ၁၃၂ ဦး ဖမ်းဆီးခံခဲ့ရသည်။

## "၁၊ ၂၊ ၃၊ ၁၀ ဆိုပြီး တန်းပစ်တော့တာ ... ၂ ယောက် ကျတယ်၊ ဒဏ်ရာရတဲ့သူတွေလည်း ရှိတယ်"

**ဇွန်လ ၆ ရက်က စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ ကံဖျားရွာအား အကြမ်းဖက်စစ်ကောင်စီတပ်များ ဝင်ရောက်ပြီးနောက် ရွာသားများအား အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်မှု ဖြစ်စဉ်နှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ခဲ့သူများအား တွေ့ဆုံမေးမြန်းခြင်း**

**မေး။** **အဲ့ဒီဖြစ်စဉ်က ဘယ်နေ့မှာ ဖြစ်သွားတာပါလဲရှင့်၊ ဘယ်ရွာမှာ ဖြစ်သွားတာပါလဲရှင့်။**

ဖြေ။ ၆.၆.၂၀၂၂ ရက်နေ့၊ မြင်းမူမြို့နယ် ကံဖျားရွာမှာပါ။

**မေး။** **ဘယ်လိုကနေစပြီး အခုလိုမျိုး ပြုမူခံခဲ့ရတာလဲ ဆိုတာလေး သိသလောက် ပြောပြပေးနိုင်မလားရှင့်။**

ဖြေ။ ဟုတ်ကဲ့၊ အဲ့ဒီနေ့(၆.၆.၂၀၂၂) က သူတို့ စဝင်လာတော့ ရွာမြောက်ဘက် မြတ်စောညီနောင်ဘုရား ဆိုတာရှိတယ်။ ရွာသားတွေ အဲဒီထဲမှာ အများကြီး၊ စစ်ကြောင်းဝင်လာတော့ ရှောင်နေကြတာ။ သူတို့က သဲအူကို သွားချင်လို့ လိုက်ပို့ခိုင်းတာ ရွာသားတွေက ကြောက်တော့ကျတော့ လိုက်မပို့ရဲကြဘူး။ အဲဒီကျတော့ စိတ်ဆိုးပြီး ဆိုင်ကယ်တွေကို ခြေထောက်နဲ့ကန်တာ၊ ဆိုင်ကယ်ထဲက သေနတ်ကျလာတယ်ပေါ့ဗျာ။ အဲဒီမှာ အမျိုးသားတွေကို ခေါ်မေးတော့တာ ဘယ်သူမှ မဖြေကြတော့ ဦးမြင့်ဦးကို အရင်ပစ်သတ်တယ်။ ပြီးတော့ နေဇာအောင်ရယ်၊ ရူပရယ်ကို ပစ်သတ်တယ်။ အမျိုးသမီးတွေကို "ခေါင်းမငုံ့နဲ့ ငုံ့ရင်ပစ်"မှာပြောပြီး ၃ယောက်စလုံးကို နေရာမှာတင်၊ သူတို့ရှေ့တင် ပစ်သတ်တာ။ အမျိုးသားသပ်သပ် အမျိုးသမီးသပ်သပ် ခွဲပြီး အမျိုးသားတွေကို "၁ ကနေ ၁၀ ရေမယ်၊ အဲဒီအတွင်း လွတ်အောင်ပြေး"လို့ ပြောတယ်။ ပြီးတော့ "၁၊ ၂၊ ၃၊ ၁၀" ဆိုပြီး တန်းပစ်တော့တာ။ အဲဒီမှာ ၂ ယောက်ကျတယ်၊ ဒဏ်ရာရတဲ့သူတွေလည်းရှိတယ် ဗျ။

**မေး။** **သူတို့က ဘာကိစ္စနဲ့ ရွာကိုရောက်လာကြတာလဲရှင့်။**

ဖြေ။ စစ်ကြောင်းထိုးလာကြတာဗျ။ အဲ့ဒီအဖွဲ့ထဲမှာ မျက်စပ်နီတွေ ပါတယ်။ အသားနီစပ်စပ်တွေ ပါတယ်ခင်ဗျ။ ပထမတစ်ဖွဲ့က ကံဖျားတောင်ပိုင်းမှာ တည်းနေတာ၊ သူတို့က ဘာမှမလုပ်ဘူး အေးအေးဆေးဆေးပါပဲ။ အခုအဖွဲ့က ဂုန်ရင်းဆေးဘက်ကနေ ရွှေကျောင်းကန်ဘက်ကိုသွားပြီး ကံဖျားဘက်ကို ပြန်လာတဲ့ အဖွဲ့ပေါ့။

**မေး။** **အဲဒီလာတဲ့ အဖွဲ့က အင်အား ဘယ်လောက်ရှိပါသလဲရှင့်။**

ဖြေ။ နှစ်ဖွဲ့ပေါင်းရင်တော့ ၂၀၀ကျော်တယ်ဗျ။ အခုဖြစ်တဲ့အဖွဲ့ကတော့ ၁၀၀လောက်ရှိတယ်။

**မေး။** **စုစုပေါင်း လူဘယ်နှစ်ယောက်လောက် အသတ်ခံခဲ့ရလဲရှင့်။ ဒဏ်ရာရသူရော ဘယ်နှစ်ယောက် လောက်ရှိပါသလဲရှင့်။ ဖမ်းဆီးခေါ်ဆောင်သွားတာမျိုးရော ရှိပါသလားရှင့်။**

ဖြေ။ အားလုံးပေါင်း အလောင်း ခုနစ်လောင်းတွေ့တယ်။ သေနတ်နဲ့ အပစ်ခံရတာက ၅ယောက်၊ မီးရှို့ခဲ့တဲ့နေရာမှာ နှစ်လောင်းတွေ့ပါတယ်။ အမျိုးသမီးလို့ ယူဆရတဲ့ အလောင်းတစ်လောင်း အမည် အတည်မပြုရ သေးပါဘူးခင်ဗျ။ အမျိုးသမီးတွေကိုတော့ ဘာမှလုပ် သွားမျိုးမရှိပါဘူး။ ဒဏ်ရာရတဲ့သူ အရေအတွက်လည်း အတည်မပြုရသေးဘူး။ အကုန်လုံးက ကြောက်လန့်ပြီး ပြေးနေကြတာဆိုတော့။ခားစာခံ (၁၁) ယောက် ဖမ်းခေါ်သွားပါတယ်ခင်ဗျ။ အရင်တစ်ခေါက် အခြားရွာကို တပ်စွဲဖို့ သွားတုန်းက ခားစာခံတစ်ယောက်ခေါ်သွားသေးတယ်။ သူကတော့ အခုပြန်လွတ်လာပါတယ်။

**မေး။** **မီးရှို့သွားတာက ဘယ်နေရာတွေကိုပါလဲရှင့်၊ ဘာတွေပျက်ဆီးဆုံးရှုံးသွားပါသလဲရှင့်။**

ဖြေ။ စစ်ကြောင်းတွေ ထိုးလာတော့ ရွာကလူတွေက အကြောက်လွန်ပြီး ဆန်အိတ်တွေ၊ စပါးတွေ၊ စားရေရိက္ခာတွေ၊ သူတို့ စစ်ရှောင်ဖို့လိုအပ်တဲ့ ပစ္စည်းတွေ ကြိုပြီး ကျောင်းထဲပို့ထားကြတာ။ ကျောင်းဆောင် နှစ်ဆောင်ထဲမှာ ထည့်ထားတာ။ အဲဒါတွေ အကုန် ရှို့သွားတာပါ။ အလောင်းနှစ်လောင်းက အဲဒီနေရာမှာ တွေ့တာပါ။ နောက်ထပ် ဆိုင်ကယ် ၇၅ စီးလည်း မီးရှို့ဖျက်ဆီးခံခဲ့ရပါတယ်။ ရွာကိုတော့ မရှို့သွားဘူး ခင်ဗျ။

**မေး။** **အခုလို ပြုမူတဲ့သူတွေက ဘယ်လို ဝတ်စုံမျိုးတွေဝတ်ထားပါသလဲ၊ ဘာတွေနဲ့ လာပါသလဲရှင့်။**

ဖြေ။ ဝတ်စုံကတော့ အစုံပဲဗျ၊ အရပ်ဝတ်တွေလည်း ပါပါတယ်။ ဒါပေမဲ့ စစ်ကောင်စီတပ်သားတွေ ဆိုတာတော့ သေချာသိပါတယ်။ ပြီးတော့ သူတို့အဖွဲ့တွေက ဆေးဝါးတွေလည်း သုံးစွဲထားတယ်ဗျ။ သူတို့တွေက ရွာတစ်ရွာကိုဝင်တော့မယ်ဆို ဆေးချတယ်၊ သုံးခါလောက်ထိ ချတယ်လို့ သိရပါတယ်။ နိုင်ငံတော်က ပေးတာလို့လည်း သူတို့ပြောသံကြားရတဲ့သူက ပြောပြလို့ သိရပါတယ်။ အခုလာတာကတော့ ခြေကျင်ပဲလာကြတာပါ၊ ကားတွေမပါဘူးဗျ။

**မေး။** **အခုလက်ရှိ ရွာရဲ့အခြေအနေလေးရော ပြောပြပေးနိုင်မလားရှင့်။**

ဖြေ။ ရွာမှာတော့ ရွာသူရွာသားတွေက ကြောက်အားကြီးနေကြတာပေါ့ဗျာ။ မေးလိုက်ရင် ငိုနေကြတာ။ ခားစာခံတွေ ပါသွားပြီး ဘာသတင်းမှ မကြားရတော့ စိတ်ပူရ၊ ရွာကို နောက်တစ်ခေါက်ပြန်လာပြီး မီးရှို့မှာလည်း ကြောက်နေကြတယ်။ အရင်တစ်ခါ ကန်တော်ရွာကို မီးရှို့တုန်းကလည်း အိမ်ခြေ ၅၀၀ ကျော်ပါသွားပြီး အခုချိန်ထိ တောထဲမှာ နေစရာမရှိ၊ စားစရာမရှိ စစ်ရှောင်နေရတုန်းဆိုတော့ စိုးရိမ်ထိပ်လန့်နေကြတာပေါ့ဗျာ။

## “သေနတ်ဆိုလို့ အခုမှ မြင်ဖူးတာ”

*“ကျွန်တော်တို့က ကျောင်းထဲမှာ ထိုင်နေတုန်း သူတို့က သေနတ်တွေ ပစ်ပြီးဝင်လာတာ။ တံခါးတွေကို ခွတ်ဖွင့်ခိုင်းတယ်။ အရပ်ဝတ်တွေနဲ့ပါ၊ ဒါပေမဲ့ ကျည်ကာတွေတော့ ဝတ်ထားတယ်။ ဆိုင်ကယ်တွေကိုလည်း ကန်လှဲတယ်။ ရွာသူရွာသားတွေ အကုန်လုံးကို အပြင်ထွက်ခိုင်းတယ်။ သေနတ်တွေနဲ့ ခေါ်သွားပြီးတော့ ဘုရားရှေ့နားက အာရုံခံဇရပ်ထဲမှာ ထိုင်ခိုင်းတယ်၊ မိန်းကလေးသပ်သပ် ယောကျ်ားလေးက သပ်သပ်။ ပြီးတော့ ဆိုင်ကယ်ထဲက သေနတ်တွေ့တယ်လို့ ပြောတယ်၊ သေချာတော့ မမြင်လိုက်ဘူး။ ကျွန်တော်တို့လည်း သေနတ်ဆိုလို့ အခုမှ မြင်ဖူးတာလေ။ ဘာသေနတ်မှန်းလည်း မသိဘူး။ ဖုန်းတွေကိုလည်း အကုန်တောင်းတယ်၊ ဆိုင်ကယ်တွေ အကုန်မီးရှို့သွားတယ်။ ပြီးကျတော့ တောင်သူတွေက ကြောက်လို့လေ၊ ရွာတွေကို မီးရှို့ရှို့သွားလို့လေ။ ရွာထဲ မထားဘဲ ကျောင်းမှာသွားထားတဲ့။ ဆန်တွေ၊ စပါးတွေ၊ ပစ္စည်းတွေ အကုန်မီးရှို့သွားတယ်။ ပြီးကျတော့ မိန်းကလေးတွေ သပ်သပ်ခေါ်သွားတယ်။ ကျွန်တော်တို့ကို ပြေးခိုင်းတယ် - မပြေးရင်ပစ်မှာ - လို့ ပြောတယ်။ အစကတော့ မယုံလို့လေ။ ပြီးတော့ တစ်-နှစ်-သုံး ဆိုပြီး ပစ်တာ နှစ်ယောက်တော့ ထိသွားတယ်။ တစ်ယောက်က ပွဲချင်းပြီးဆုံးတယ်။ တစ်ယောက်က ဆေးရုံမရောက်ခင် လမ်းမှာဆုံးသွားတယ်”* - **သေနတ်ဖြင့် ပစ်ခတ်ခံရသော်လည်း ထွက်ပြေးလွတ်မြောက်လာသူ**

## "ဒူးတုပ် ဒူးတုပ်ဆိုပြီး ပစ်လိုက်တာ... ပထမဆုံးတစ်ယောက် ခေါင်းမှန်သွား"

*"ကျုပ်သိရသလောက် ကျုပ်တို့က ကျောင်းဆောင်အပေါ် မျက်နှာကျက်ရိုက်ထားတဲ့အထဲ တက်ပုန်းနေတာ။ အဲဒီထဲကတော့ လုံခြုံတယ်ဆိုပြီးတော့ တက်ပုန်းနေတာ။ အဲ့ဒီ ဓမ္မာရုံကြီးကို မီးရှို့လိုက်တော့ ဘယ်လိုမှ မလုံခြုံတော့ဘူး။ အဲဒါနဲ့ မှန်ပြတင်းကို ရိုက်ခွဲပြီး ကျုပ်တို့က ထွက်လာတယ်။ အဲဒီမှာ သူတို့နဲ့ အံကျ ပက်ပင်းတိုးတော့တာပဲ၊ အဲဒီမှာ တင်မိတာပဲ။ ကျန်တဲ့ စစ်တာတွေတော့ မသိလိုက်ရဘူး။ ကျုပ်တို့က ဘိတ်ဆုံးမိတာပဲဆိုတော့ ပစ်သတ်တာပဲ သိတယ်၊ မြင်လိုက်ရတယ်။ ကြိုးတုပ်ထားတဲ့သူတွေ သေချာကြည့်ဆိုပြီး ပြပြီးတော့ကို ပစ်သတ်တာ"..."နောက်ပြီး ကျုပ်တို့ကို ကြိုးတုပ်ထားတာ၊ သတ်ခံရတဲ့သူတွေကို မတုပ်ဘူး။ ရောက်ရောက်ချင်း အစစ်အဆေးကို မရှိဘူး။ ဒူးတုပ် ဒူးတုပ်ဆိုပြီး ပစ်လိုက်တာပဲ။ ပထမဆုံးတစ်ယောက်က ခေါင်းမှန်သွားတာပဲ။ နောက်တစ်ယောက်လဲ တောင်ဖက်လှည့်နေတုန်း၊ ကျောပေးနေတုန်း ကျောပစ်လိုက်တာ။ တစ်ပတ်လည်ကျပြီးတော့ နှစ်ချက်ထပ်ပစ်တော့ ဗိုက်ပွင့်သွားတယ်။ နောက်တစ်ယောက်လည်း ခါးပစ်လိုက်တာပဲ။ အဲဒီလိုသတ်ပြီးတော့ ရွာဦးကျောင်းကို ရွှေ့ရတာ၊ အတန်းလိုက်ကြီး သွားရတာ။ မိန်းကလေးတွေကတော့ သွားနှင့်တာပေါ့"* - **ဓားစာခံဖမ်းခံရပြီးနောက် ပြန်လည်လွတ်မြောက်လာသူ**

## "အခုဆို လက်မဲ့ပဲ"

*"အများစုက အရပ်ဝတ်တွေပါ။ ရွာထဲရောက်နေတဲ့အဖွဲ့ကတော့ တချို့ကယူနီဖောင်းတွေ ဝတ်ထားကြတယ်။ အခု သူတို့အဖွဲ့က လာနေကတည်းက မြင်နေရတာ သူတို့ကိုင်တဲ့ လက်နက်တွေ၊ အသုံး အဆောင်တွေကို ကြည့်တာနဲ့ စစ်သားတွေလို့ သိသာတယ်လေ" ...*

*"ကျန်တဲ့ ကျောင်းဝင်းထဲမှာရှိတဲ့ အမျိုးသားတွေကို ၁ ကနေ ၁၀ ရေတဲ့အချိန် ကိုယ့်ဖိနပ်ကိုယ်ကောက်ပြီး ပြေးခဲ့လို့ခိုင်းတာ။ "တစ် နှစ် သုံး တစ်ဆယ်" ဆိုပြီး တန်းရေလိုက်တာ။ ဒါပေမဲ့ ရွာသားဒီတွေက ကြောက်တော့ သူတို့ဆီမပြေးပဲ ပြေးမိပြေးရာပြေးကြတာ။ ပြေးတဲ့လူတွေကို ပစ်တာ။ အဲဒီမှာနှစ်ယောက် ထပ်သေသွားတာ။ နောက် စိတ်သိပ်မမှန်တဲ့ ကလေးတစ်ယောက်က အသက်(၁၇)နှစ်လောက်ပဲ ရှိသေးတယ်၊ သူက စိတ်သိပ်မမှန်တော့ ပြေး ပြေး ဆိုတော့ မီးရှို့ထားတဲ့ မီးပုံဆီကိုပြေးသွားလို့ အဲဒီမှာပဲ မီးလောင်ပြီးသေသွားတယ်"...*

*"ကျောင်းထဲက ဓမ္မာရုံလေ။ သူတို့က ရွာတွေဝင်ရင် မီးရှို့ကြတာဆိုတော့ ကိုယ့်အိမ်ကိုယ် မထားကြတော့ပဲ ရွာထဲက တောင်သူတွေက ဆန်တွေ၊ စပါးတွေ၊ နေ့တိုင်းဝတ်မဟုတ်တဲ့ အဝတ်အစားတွေ၊ အခြားပစ္စည်းတွေ အကုန်စုထည့်ထားတာ ဓမ္မာရုံထဲမှာ။ အဲ့ဒါတွေ အကုန်ရှို့သွားတာ"...*

*"ဒီဖြစ်စဉ်အပေါ် ဘယ်လိုပြောရမှန်းမသိအောင်ပါပဲ။ တခြားရွာတွေကို ဝင်ရင် အိမ်မီးရှို့တယ်ဆိုရင်တောင် လက်ထဲ ကိုယ်နဲ့မကွာ ယူနိုင်တာလေးတွေရှိဦးမယ်၊ ကျွန်မတို့မှာတော့ အိမ်အခွံသက်သက်ကျန်ခဲ့တာ။ အိမ်ခြေ ၁၀၀ ကျော်လောက်ရဲ့ ပစ္စည်းတွေ အကုန်ဘာမှမကျန်တော့အောင် ဆုံးရှုံးနစ်နာရတာ။ ဖုန်းတွေက အစ သိမ်းခံရတာ။ အခုဆို လက်မဲ့ပဲ။ ပြီးတော့ ကိုယ့်ရွာကျမှ အခုလို လူအများရှေ့မှာ သတ်ပြတာမျိုးက တော်တော်လေး ရက်စက်ရာကျတယ်လို့ ခံစားရတယ်။ နောက်ပြီး အာရုံခံပေါ်တက်ပုန်းနေတဲ့ လူနှစ်ယောက်ကို တွေ့သွားပြီး အဲဒီပေါ်ကနေ ကန်ချလိုက်တာ ဘယ်လောက်နာလိုက်မလဲ။ အဲ့ဒီနှစ်ယောက်လည်း ဖမ်းသွားခံရတဲ့ထဲမှာ ပါသွားတယ်။ ပြောမပြတတ်အောင်ပါပဲ ခံစားရတာ"* - **ကံဖျားရွာသူတစ်ဦး**

# စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

(ယခု ကိန်းဂဏန်းနှင့် အချက်အလက်များအား နိုင်ငံရေးအကျဉ်းသားများစောင့်ရှောက်ရေးအသင်း - AAPP ၏ ထုတ်ပြန်ချက်များမှ ကောက်နုတ်ရယူထားခြင်း ဖြစ်သည်။ AAPP ၏ ထုတ်ပြန်ချက်များအရ လက်လှမ်းမမီနိုင်သည့် မြေပြင်အခြေအနေတွင် ယခုထက်ပိုမိုများပြားသည့် မတရားဖမ်းဆီးခံမှုများရှိနိုင်သည်။)

## ၆၁၇ +

အကြမ်းဖက်စစ်တပ်က ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် အာဏာသိမ်းပြီး ၂၀၂၂ ခုနှစ် မေလကုန်အထိ မတရားချိတ်ပိတ် သိမ်းဆည်းခံခဲ့ရတဲ့ နေအိမ်နဲ့ အဆောက်အဦး အရေအတွက်။

## ၁၀၈၇၀ +

အကြမ်းဖက်စစ်တပ်က ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် အာဏာသိမ်းပြီး ၂၀၂၂ ခုနှစ် ဇွန်လ ၂ ရက်အထိ ဖမ်းဆီးချုပ်နှောင်ခံထားရသူ အရေအတွက်ပါ။ ဒီထဲက ၁၀၈၇ ဦးမှာ ထောင်ဒဏ်ချမှတ်ခံခဲ့ရပါတယ်။ ဒီထဲမှာ အာမခံနဲ့ လွတ်မြောက်လာသူ ၂၁ ဦး ရှိပြီး ပြန်လည်လွတ်မြောက်လာသူ ၃၀၃၅ ဦး ရှိပါတယ်။

## ၁၁၃

အကြမ်းဖက်စစ်တပ်က ၂၀၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် အာဏာသိမ်းမှုကို ပြည်သူတွေက နည်းပေါင်းစုံနဲ့ ဆန့်ကျင်ခဲ့တာကြောင့် သေဒဏ်ပေးခံရတဲ့ အရေအတွက်ပါ။ ဒီထဲက ၄၁ ဦးဟာ မျက်ကွယ်သေဒဏ် ပေးခံခဲ့ရတာ ဖြစ်ပြီး သေဒဏ်ပေးခံရသူစာရင်းထဲမှာ အသက် ၁၈ နှစ်မပြည့်သေးတဲ့ လူငယ် နှစ်ဦး ပါဝင်ပါတယ်။

## မေ ၃၁ ရက်က သတ်ခံရတဲ့ ကန့်ဘလူ၊ ကံကြီးအနောက်ရွာသား ငါးဦး

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ကံကြီးအနောက်ရွာအား မေလ ၃၁ ရက် နံနက်အစောပိုင်းက အကြမ်း ဖက်စစ်ကောင်စီတပ်များ ဝင်ရောက်လာခဲ့ပြီးနောက် ကျေးရွာလုံခြုံရေး ဆောင်ရွက်နေတဲ့ ရွာသားငါးဦး ဖမ်းဆီးသတ်ဖြတ်ခံခဲ့ရပါတယ်။
အကြမ်းဖက်သတ်ဖြတ်ခံရသူ ငါးဦးမှာ ဦးမောင်စိုး၊ ကိုကျော်မျိုးသူ၊ ဦးတောရှောင်၊ ကိုထွန်းနှင့် ကိုဝင်းသူရတို့ ဖြစ်သည်။

## မေ ၃၁ ရက်က ဖမ်းခံရတဲ့ ကညင်ကျိုးက မောင်ရဲပိုင်

ပဲခူးတိုင်း၊ ကျောက်ကြီးမြို့နယ်ဝ၊ ကညင်ကျိုးကျေးရွာသား မောင်ရဲပိုင်က ကရင်အမျိုးသားအစည်းအရုံး - KNU နဲ့ အဆက်အသွယ်ရှိတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ မေလ ၃၁ ရက် ည ၇ နာရီခန့်တွင် ရဲတပ်ဖွဲ့ဝင်ငါးဦးက ဖမ်းဆီးသွားခဲ့သည်။

